# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဆ-၄၊ စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင် ဆောင်ရွက်ကြောင်း အထောက်အထား တောင်းခံခြင်းနှင့် လိုက်နာဆောင်ရွက်ကြောင်း ကြေညာချက်

*ပုဒ်မ ၂၁၈ (က)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

**မှတ်ချက်**
သတ်မှတ်ပုံစံတွင် လိုအပ်သော အချက်အလက်များကို
ဖြည့်စွက်ရန် နေရာလုံလောက်မှု မရှိပါက သီးခြားစာရွက်တွဲ၍
အချက်အလက်အသေးစိတ်ကို ဖော်ပြရန်။

ရုံးသုံးအတွက်သာ

**ကုမ္ပဏီအမည်**

**မှတ်ပုံတင်အမှတ်**

### ၁။ အထွေထွေညွှန်ကြားချက်များ

ပုဒ်မ ၂၁၈ (က)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) တွင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိပါက စီးပွားရေး လုပ်ငန်းတစ်ရပ်ရပ်ကို စတင်ဆောင်ရွက်ခြင်း မပြုရ သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခွင့်မရှိစေရ-

“(၁) ငွေသားဖြင့် ပမာဏတစ်ရပ်လုံးအား ပေးချေရမည့် အစုရှယ်ယာများကို အနည်းဆုံးထည့်ဝင်ငွေကြေး ပမာဏထက် မလျော့နည်းသည့် ပမာဏတစ်ရပ်သို့ ခွဲဝေသတ်မှတ်ခြင်း။

(၂) ကုမ္ပဏီ ဒါရိုက်တာ အားလုံးသည် ၎င်းတို့က ရယူမည်ဖြစ်သော သို့မဟုတ် ရယူမည်ဟု ပဋိညာဉ်ပြုလုပ်ထားသော အစုရှယ်ယာ တစ်ရပ်စီအတွက် ငွေပေးချေရာတွင် ၎င်းတို့ကငွေသားဖြင့်ပေးချေရန် တာဝန်ရှိပြီးအများပြည်သူက ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ခွဲဝေသတ်မှတ်ခြင်းများအပေါ် ပေးချေရမည့် အချိုးအစား နှင့်တူညီသော အချိုးအစားအတွက် ပေးချေခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေး ထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသော ကုမ္ပဏီ အတွက်မူ အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ငွေသားဖြင့်ပေးချေခြင်း။

(၃) အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံတွင် ဖြည့်သွင်းဖော်ပြလျက် အတွင်းရေးမှူးကဖြစ်စေ၊ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ တရားဝင် အတည်ပြုထားသော ကြေညာချက်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ခြင်း။

(၄) ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည် သို့မဟုတ် ကမ်းလှမ်း သည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသော ကုမ္ပဏီ အတွက်မူ အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစား ပြုစုထားသည့်ရေးသား ဖော်ပြချက်တစ်စောင် (Statement in lieu of prospectus ) ကို မှတ်ပုံတင် အရာရှိထံ တင်ပြပြီးဖြစ်ခြင်း။ ”

### ၂။ လိုက်နာဆောင်ရွက်ကြောင်းကြေညာချက်

ကုမ္ပဏီသည် ပုဒ်မ ၂၁၈(က) (၁) နှင့် (၂) အရ လိုက်နာဆောင်ရွက်ထားပါသည်။

ဆောင်ရွက်ထားသည် ☐ မဆောင်ရွက်ပါ ☐

### ၃။ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက် နှင့်စပ်လျဉ်း၍ ကြေညာချက်

ကုမ္ပဏီသည် မှတ်ပုံတင်အရာရှိထံ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းတစ်စောင် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း အစား ရေးသားဖော်ပြချက်ကို တင်ပြထားပြီးဖြစ်ပါသည်။

တင်ပြထားသည် ☐ မတင်ပြပါ ☐

## ၄။ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးသည့်မှာ

ဤပုံစံပါ အချက်အလက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများသည် မှန်ကန်ကြောင်း သက်သေပြုပါသည်။

**လက်မှတ်** ______________________________

**အင်္ဂလိပ်ဘာသာဖြင့် အမည်အပြည့်အစုံကို ဖော်ပြရန် (မဖြစ်မနေရေးသွင်းရန်)**

ရာထူး ☐ ဒါရိုက်တာ ☐ အတွင်းရေးမှူး

## ၅။ ပေးပို့သူ

အမည်

နေရပ်လိပ်စာ

တယ်လီဖုန်း

အီးမေးလ်

## ၆။ ပူးတွဲပါစာရင်း

အောက်ပါတို့ကို ဤလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲရမည် -

☐ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး။